# အော်စတင်မြို့၏ အိမ်ရာအာဏာပိုင်အဖွဲ့

## အိမ်ရာငှားရမ်းခြင်းအကူအညီသရုပ်ပြစီမံချက် (RAD)

## အထွေထွေသတင်းအချက်အလက်

---

အော်စတင်မြို့၏ အိမ်ရာအာဏာပိုင်အဖွဲ့ (HACA) သည် အော်စတင်မြို့ရှိပြည်သူ့အိမ်ရာများကို ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် ပြည်သူ့အိမ်ရာကို အားထားနေရသည့် အော်စတင်မြို့သူမြို့သား ၄၃၀၀ ကျော်တို့၏ ဘဝတိုးတက်စေရန် တို့အတွက် ရဲရင့်သောခြေလှမ်းသစ်တစ်ခုကိုချဲ့ထွင်လိုက်ပါသည်။

အမေရိကန်ပြည်ထောင်စု အိမ်ရာနှင့် မြို့ပြဖွံ့ဖြိုးမှုဦးစီးဌာန (HUD)၏ အိမ်ရာငှားရမ်းခြင်းအကူအညီ သရုပ်ပြစီမံချက် (RAD) ဟုအမည်ရသော အစီအစဉ်သစ်တွင်ပါဝင်ခြင်းဖြင့် HACA သည် ယင်း၏ အိုဟောင်းလာပြီဖြစ်သော အိမ်ယာများမှ အရေးတကြီးလိုအပ်နေသော မွမ်းမံမှုများအား ငွေကြေး ထောက်ပံ့နိုင်ရန်နှင့် လာမည့်နှစ် ၄၀အတွင်း ၄င်းတို့အား ဝင်ငွေနည်းပါးသော နေထိုင်သူများ ရရှိနိုင်ရန် အာမခံချက်ပေးနိုင်မည်ဖြစ်သည်။ RAD သည် နေထိုင်သူများ ရှေ့ဆက် ရပ်တည်နိုင်ရန် အိမ်ရာ ရွေးချယ်မှုအတွက် အခွင့်အလမ်းများကို ဖန်တီးပေးလိမ့်မည်။

### RAD ခြုံငုံသုံးသပ်ချက်

HUD သည် အမေရိကန်ပြည်ထောင်စု ပြည်သူ့အိမ်ရာများတွင် လိုအပ်နေသော ပြုပြင်မှုများနှင့် မွမ်းမံမှုများအတွက် ဒေါ်လာသန်း ၂၆ထောင် တန်ဖိုးရှိ အလုပ်ကြွေးကျန်များကို ကိုင်တွယ်ဖြေရှင်းရန် အတွက် RAD ကိုစတင်ခဲ့ပါသည်။ RAD ၏ လက်အောက်တွင် လက်ရှိ (နှင့်ကျဆင်းနေသော) ပြည်သူ့အိမ်ရာ ထောက်ပံ့ကြေး များကို အိမ်ခြံမြေအသီးသီးအတွက် ငှားရမ်းမှု အကူအညီ စာချုပ်များ အဖြစ်သို့ ကူးပြောင်းထားရှိသည်။ ယင်းက အိမ်ရာ အာဏာပိုင်များအား ပြန်လည် ထူထောင်ရေးနှင့် အိုဟောင်းလာပြီဖြစ်သော ပြည်သူ့အိမ်ယာပိုင်ဆိုင်မှုများကို ထိန်းသိမ်းစောင့်ရှောက်ရန် အတွက် ငွေကြေးထောက်ပံ့နိုင်ခွင့်ပေးသည်။

### နေထိုင်သူများအတွက် RAD က မည်သို့ အကျိုးသက်ရောက်နိုင်ပါသနည်း

- **ကာကွယ်စောင့်ရှောက်မှု။** နေထိုင်သူတိုင်း၌ ပြည်သူ့အိမ်ရာတွင်နေထိုင်နိုင်ခွင့်နှင့် ၄င်းတို့၏ မူလအိမ်ခြံမြေရှိ အဆင့်မြှင့်ထားသော အိမ်ခြံမြေသို့ပြန်သွားခွင့်ရှိသည်။ ငှားရမ်းခများသည် ညှိနှိုင်းပြီးအိမ်ထောင်စုဝင်ငွေ၏ ၃၀% ကို ဆက်လက်အခြေခံ ထားမည်ဖြစ်ပြီး၊ အရည်အချင်းပြည့်မီမှုအတွက် မည်သူမျှပြန်လည်အစစ်ဆေးခံရန် လိုအပ်မည် မဟုတ်ပါ။ HACA သည် သူ၏နေထိုင်သူများများအတွက် မြင့်မားသော ဝန်ဆောင်မှုအဆင့်အတန်းကို ထိန်းသိမ်းထား မည်ဖြစ်သည်။
- **မွမ်းမံမှုများ။** အိမ်ခြံမြေအများစုသည် အလွန်လိုအပ်လျက်ရှိသည့် တိုးတက်မွမ်းမံမှုများကို ရရှိမည်ဖြစ်ပြီး၊ အိမ်ခြံမြေ အများအပြားကို ခေတ်မီတိုးတက်၍ ပိုမိုထိရောက်သော စွမ်းအင်သုံးစွဲမှုများရရှိရန် စေ့စပ်သေချာစွာ အဆင့်မြှင့် ပေးသွားမည် ဖြစ်ပါသည်။ နေထိုင်သူများသည် အဆိုပါတိုးတက်မှုများကို စီမံဆောင်ရွက်ရာတွင် မိမိလိုအပ်ချက်များနှင့် ကိုက်ညီမည့် အကြံပေးချက်များကို တင်ပြခွင့်ရရှိကြလိမ့်မည်။
- **ရွေးချယ်မှုများ။** အနာဂတ်တွင် လက်ရှိနေထိုင်သူများနှင့်အသစ်လျှောက်ထားသူများကို အရင်ဆုံးရရှိနိုင်သောယူနစ်၌ နေရာချမည့်အစား ၄င်းတို့ရွေးချယ်ရာသီးခြားသတ်မှတ်ထားသည့် အိမ်ခြံမြေများ တွင်နေထိုင်နိုင်ရန် လျှောက်ထားနိုင် ပါလိမ့်မည်။RAD ၏အိမ်ခြံမြေတစ်ခုတွင်နှစ်နှစ်ကြာ ဆက်လက်နေထိုင်သူများသည် ပုဂ္ဂလိကအိမ်ရာငှားရမ်းမှု ဈေးကွက်ထဲတွင် အိမ်ရာ ရွေးချယ်ခြင်းပြုလုပ်နိုင်မည့် အိမ်ရာရွေးချယ်မှု လက်မှတ်တစ်ခု ကိုလျှောက်ထား နိုင်ပါလိမ့်မည်။

### RAD အကြောင်းထပ်မံလေ့လာပါ

အကယ်၍ သင်သည် HACA ပြည်သူ့အိမ်ရာနေထိုင်သူတစ်ဦးဖြစ်ပြီး သင်နှင့်သင်၏မိသားစုကို RADမှ မည်သို့ အကျိုးပြု နိုင်ကြောင်း မေးမြန်းလိုပါက၊ RAD တိုက်ရိုက်ဖုန်းလိုင်း၊ 1-(844) HACA-RAD (422-2723) ခေါ်ဆိုပါ သို့မဟုတ် ကျွန်ုပ်တို့ ထံသို့ hacarad@hacanet.org အီးမေးလ်ပေးပို့နိုင်ပါသည်။ အသေးစိတ် မေးလေ့မေးထရှိသော အမေးအဖြေများ အပါအဝင် နောက်ထပ်သတင်းအချက်အလက်များကို www.hacarad.org. တွင်အွန်လိုင်းဖြင့်ရှာဖွေနိုင်ပါသည်။